# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 22 , 2024 Volume 77, Number 11

၂၂.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၆၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၁.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၇.၀ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၅၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၇၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာ့ပုလဲကို နှစ်စဉ်လျာထားချက်ထက် ကျော်လွန်ထုတ်လုပ်နေဟုဆို



မြန်မာ့ပုလဲကို နှစ်စဉ်လျာထားချက်ထက်ကျော်လွန်၍ ထုတ်လုပ်လျက်ရှိကြောင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းချရေးဌာနမှ သိရသည်။

မြန်မာ့ပုလဲကို တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုတွင်ရှိသည့် ပုလဲမွေးမြူရေးကျွန်းစခန်း(၁၂)ခုမှ နိုင်ငံပိုင်နှင့်ပုဂ္ဂလိက ကဏ္ဍတို့မှ မွေးမြူထုတ်လုပ်နေခြင်းဖြစ်သည်။

အဆိုပါ ပုလဲထုတ်လုပ်မှုတွင် နှစ်စဉ်လျာထားချက်ထက် ကျော်လွန်ထုတ်လုပ်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ ပင်လယ်ကမ်းရိုးတန်း သယံဇာတများကို ထိန်းသိမ်းဆောင်ရွက်ထားရှိကြောင်းလည်း သိရသည်။

ထို့အပြင် မြန်မာ့ပုလဲရောင်းချမှုတွင် ပြည်ပကုန်သည်များကိုဖိတ်ကြား၍ တစ်နှစ်လျှင် နှစ်ကြိမ်မှသုံးကြိမ်ထိ ပြပွဲများပြုလုပ်၍ ရောင်းချလျက်ရှိပြီး ၂၀၁၃ ခုနှစ်မှစတင်ကာ တစ်နှစ်လျှင်တစ်ကြိမ် ပြည်ပနိုင်ငံများ၏ ပြပွဲများသို့သွားရောက်၍ ရောင်းချမှုများရှိကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ် ကိုဗစ်ကာလကပ်ရောဂါအတွင်း ပြည်ပသို့သွားရောက်ရောင်းချမှု ရပ်ဆိုင်းထားပြီး ၂၀၂၃ ခုနှစ်မှစတင်၍ ပြန်လည်ရောင်းချမှုများရှိခဲ့ကြောင်း သိရသည်။

ပုလဲမွေးမြူရာတွင် အရည်အသွေးမြင့်ပုလဲများ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် သန့်ရှင်းကောင်းမွန်ရန် အလေးထားဆောင်ရွက်ရသောကြောင့် သဘာဝ

ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်ပြီး ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများကို လူသားအရင်းအမြစ်၏ လုပ်အားဖြင့် ဆောင်ရွက်ရခြင်းဖြစ်ပြီး စက်စွမ်းအားများကို များစွာအသုံးပြုရန် မလိုအပ်ခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သကဲ့သို့ စက်ပစ္စည်းများအတွက် ကုန်ကျစရိတ်လည်း သက်သာစေကြောင်း သိရသည်။

ပုလဲမွေးမြူခြင်းသည် သဘာဝသယံဇာတအရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ခြင်းမဟုတ်ဘဲ သားဖောက်ခန်းအတွင်း မုတ်ကောင်များကိုသားဖောက်၍ ထိုမုတ်ကောင်များကို သဘာဝပင်လယ်ပြင်၌မွေးမြူကာ ပုလဲထုတ်လုပ်ခြင်းဖြစ်သည့်အတွက် ပြန်လည်ပြည့်ဖြိုးမြဲသယံဇာတကို ထုတ်လုပ်ခြင်းဖြစ်ပြီး အဆိုပါသယံဇာတများမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=156190

## ထိုင်းသို့ ပြောင်းဖူးစေ့တန်ချိန် (၂၉၀၀၀) ကျော် တင်ပို့မည်



ထိုင်းနိုင်ငံသို့ မြန်မာ့ပြောင်းဖူးစေ့တန်ချိန် ၂၉၀၀၀ ကျော်ကို ပင်လယ် ရေကြောင်းမှတစ်ဆင့် တင်ပို့သွားမည်ဖြစ်သည်။

မေ (၂၁) ရက်တွင်ပြောင်းဖူးစေ့တန်ချိန် (၁၉၃၀၀)တန်၊ မေ (၂၂) ရက် တွင် ပြောင်းဖူးစေ့တန်ချိန် (၂၇၀၀)တန်၊ မေ (၂၅) ရက်တွင် ပြောင်းဖူးစေ့တန်ချိန် (၇၁၅၀)တန် တင်ပို့သွားမည်ဖြစ်သည်။

ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal–TMT) ၊အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (AIPT–3) ၊ မင်းထက်မင်း ဆိပ်ကမ်းနှင့် ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal–TMT) တို့မှတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်းစီစဉ်၍ ပို့ကုန်တိုးမြှင့်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်ပပို့ကုန်တင်ပို့မှုအနေဖြင့် သင်္ကြန်ကာလတွင်လည်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ခဲ့ကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=156242

## ဈေးကွက်မကောင်းသည့်အပြင် စိုက်ပျိုးစရိတ်ကြီးမြင့်မှုကြောင့် ခရမ်းချဉ်စိုက်တောင်သူများ အရှုံးပေါ်နေ



မကွေးတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးများ ပိတ်ဆို့မှုကြောင့် ကုန်တင်ကားခနှုန်း (၂) ဆမြင့်တက်နေသည့်အပြင် ဈေးမကောင်းသည့်အတွက် အရှုံးပေါ်နေကြောင်း ခရမ်းချဉ်သီးစိုက်တောင်သူများ၏ ပြောပြချက်အရ သိရသည်။

ဒေသနှင့်မြေအနေအထားအလိုက် ခရမ်းချဉ်သီး (၁) ဧကကို မြေဆီ၊ ဆေးနှင့်ခြလုပ်သားခေါ်ယူခ စုစုပေါင်း သိန်း (၅၀) ဝန်းကျင် ရင်းနှီးရပြီး လက်ရှိဈေးကွက် အခြေအနေအရ ထက်ဝက်ခန့်အရှုံးပေါ်နေကြကြောင်း သိရသည်။

ယခုနှစ် စိုက်ပျိုးရာသီချိန်အတွင်း ခရမ်းချဉ်သီး စိုက်ပျိုးတင်ပို့ရောင်းချသည့် ဈေးကွက်အတွင်း တစ်ပိဿာ(၁၀၀) ကျပ်

ကျော်သာဈေးရရှိသည့်အတွက် တောင်သူအချို့ မခူးဆွတ်တော့ကြောင်းသိရသည်။ “ဒီနှစ်အတွက် ခရမ်းချဉ်သီးဈေးကွက်နဲ့ ပတ်သက်တဲ့ အခက်အခဲကတော့ ဈေးကွက်က အရင်နှစ်ကထက် ကျဆင်းနေတာပါ။ ပုံမှန်အားဖြင့်ဆိုရင် ပင်းတယ၊ ရပ်စောက်နဲ့ရွာငံဘက်က စိုက်ပျိုးသူတွေ စုံလာတဲ့အချိန် အသီးအထွက်နှုန်းများပြီး ဈေးကျတတ်တယ်။ အသီးမညီတဲ့အချိန် မတ်လကနေ မေလအတွင်းဆိုရင် နွေသီးဆိုတော့ ဈေးပုံမှန်ရတတ်ပါတယ်။ ဒီနှစ်မှာ ရှမ်းပြည်နယ်ဘက်ကထွက်တဲ့ အသီးနဲ့တင် ဈေးကောင်းမရဘူးဆိုတော့ အခြားဒေသက အသီးတွေသာ စုပြုံထွက်လာမယ်ဆိုရင် ဒီနှစ်ဈေးကွက်ကတော့ မကောင်းဘူး”ဟု မကွေးတိုင်းရှိ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံ၌ ခရမ်းချဉ်သီးကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်စသည့်ဒေသများ၌ စိုက်ပျိုးကြပြီး ဒေသတစ်ခုနှင့်တစ်ခု စိုက်ပျိုးချိန်မတူညီကြောင်း၊ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ခရမ်းချဉ်သီးမှာ ခရမ်းချဉ်သီးအစိမ်းဈေးကွက်ကိုသာ အများဆုံးအားထားနေရပြီး ခရမ်းချဉ်သီးအမှည့်ဈေးကွက် မရှိသလောက်ဖြစ်နေကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=156178

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှု ကန်ဒေါ်လာ (၅၁) သန်းကျော်လျော့ကျခဲ့



ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ (၅၁) သန်းကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းအချက်အလက်များအရ သိရသည်။

၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ရေ ထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၁၄ ဒသမ ၈၉၉ သန်းကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ် အလားတူကာလတွင် အမေရိကန်ဒေါ်လာ ၇၆၅ ဒသမ ၉၄၇ သန်းကျော် ရရှိထားသည့်အတွက် ကန်ဒေါ်လာ ၅၁ ဒသမ ၀၄၈ သန်းလျော့ကျနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေး Normal Trade နှင့် နယ်စပ်ကုန်သွယ်ရေး Border Trade လမ်းကြောင်းတွေကနေတစ်ဆင့် ပြည်ပနိုင်ငံများသို့တင်ပို့နေခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် ပြည်ပရေထွက်ကုန် တင်ပို့မှုသည် ပုံမှန်အတိုင်းတင်ပို့နေသော်လည်း ကိုဗစ်ကာလမတိုင်ခင် အခြေအနေကို ပြန်လည်မရောက်ရှိသေးသည့်အတွက် တင်ပို့မှုလျော့ကျနေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာ့ရေထွက်ကုန်များကို ပုံမှန်ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့်ဥရောပနိုင်ငံများအပါအဝင် တရုတ်၊ ထိုင်းနှင့်အိမ်နီး ချင်းနိုင်ငံထံသို့ မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ငါး၊ ပုစွန်၊ ဂဏန်း စသည့် ရေထွက်ကုန်များကို ပုံမှန်တင်ပို့နေခြင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ငါးနှင့်ပုစွန်မွေးမြူသည့်ကန်ပေါင်း (၄၈၀,၀၀၀) ရှိသည့်အပြင် အအေးခန်းသိုလှောင်ရုံ ပေါင်း (၁၂၀) ကျော်ရှိကြောင်း ငါး၊ ပုဇွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများထံမှသိရသည်။

ပြည်ပသို့ ငါးတင်ပို့မှုတွင် ငါးသလောက်၊ ကတ်ကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်စသည့် အမျိုးအစား (၂၀) ကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=155989

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တင်ပို့/တင်သွင်းမည့် ကုန်ပစ္စည်းများကို မြန်မာ–ထိုင်းနယ်စပ်ဂိတ်များမှ ပြောင်းလဲခွင့်ပြု

မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးဆောင်ရွက်လျက်ရှိသည့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တင်ပို့/တင်သွင်းမည့် ကုန်ပစ္စည်းများကို မြန်မာ–ထိုင်းနယ်စပ်ဂိတ်များမှတဆင့် ပြောင်းလဲခွင့်ပြုကြောင်း ကုန်သွယ်ရေးဦးစီးဌာနက အသိပေး ထုတ်ပြန်ထားသည်။

လက်ရှိအခြေအနေအရ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးဆောင်ရွက်လျက်ရှိသည့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် နယ်စပ်မှတင်ပို့/တင်သွင်းရန်အတွက် ၂၀၂၄ ခုနှစ် ဧပြီ (၂)ရက်မတိုင်မီ ပို့ကုန်/သွင်းကုန်လိုင်စင်ခွင့်ပြုချက်ရရှိပြီးသော ကုန်ပစ္စည်းများအား ကုန်သွယ်ရေးစခန်းပြောင်းလဲခွင့်ပြုခြင်း၊ ပင်လယ်ရေကြောင်းမှ ပြောင်းလဲခွင့်ပြုခြင်းတို့ကို ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

ယာဉ်၊ ယန္တရားနှင့် နောက်တွဲယာဉ်များတင်သွင်းခြင်းများအတွက် တာချီလိတ်ကုန်သွယ်ရေးစခန်းနှင့် ပင်လယ်ရေကြောင်း တို့မှ ပြောင်းလဲခွင့်ပြုပေးထားကြောင်း သိရသည်။

အလားတူ ကျန်ကုန်ပစ္စည်းများကို စခန်းပြောင်းလဲတင်ပို့၊ တင်သွင်းလိုပါက ကျိုင်းလပ် – ဝမ်ပုံ၊ တာချီလိတ်၊ ကော့သောင်း၊ (ရန်ကုန်–ကော့သောင်း–ရနောင်း)၊ (ရနောင်း–ကော့သောင်း–ရန်ကုန်) နှင့် မြိတ်ကုန်သွယ်ရေးစခန်းတို့မှ စခန်းပြောင်းလဲ ခွင့်ပြုပေးထားကြောင်း သိရသည်။

ပြီးခဲ့သည့် မတ်လကုန်ပိုင်းကစတင်ကာ မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းရှိ လွယ်ဂျယ်မြို့တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ကုန်သွယ်မှုရပ်တန့်နေကာ တရုတ်သို့သွားမည့် ကုန်ကားအစီးရေ (၁၀၀) နီးပါးပိတ်မိနေကြောင်း ကုန်သည်များ၏ ပြောပြချက်အရသိရသည်။

**Source:** https://www.popularmyanmar.com/?p=155929

## ၂၀၂၃ –၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ပုစွန်တန် တစ်သောင်း နီးပါးတင်ပို့နိုင်ခဲ့

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် တစ်သောင်းနီးပါးတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

၂၀၂၃ –၂၀၂၄ ဘဏ္ဍာနှစ်စဖြစ်သည့် ၂၀၂၃ ခုနှစ် ဧပြီလ (၁) ရက်မှ ၂၀၂၄ ခုနှစ် မတ်လ (၃၁)ရက်အထိ တစ်နှစ်တာကာလ အတွင်း ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၉၁၃၇ ဒသမ ၁၈၁ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၇၄ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၈၄၁ ဒသမ ၆၇၃ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၄၅ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်စသည့်နိုင်ငံပေါင်း (၄၀) ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်မှလည်းတိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=155698

## ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၅ ရက်အထိ ပြည်ပသို့ပဲမျိုးစုံ ၆၈,၂၁၁ တန်ကျော်တင်ပို့နိုင်ခဲ့

၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ၅ ရက်အထိ ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံ ၆၈၂၁၁ တန်ကျော် တင်ပို့ ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ၌ အဓိကသီးနှံများဖြစ်သည့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကိုစိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုး ထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ကာ ပဲမျိုးစုံအနေဖြင့် တစ်နိုင်ငံလုံး လယ်ယာထွက်ပစ္စည်းထွက်ရှိမှု၏ ၃၃ ရာခိုင်နှုန်းခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။



မြန်မာနိုင်ငံစိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့် သည် ပဲမျိုးစုံစိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ ၇၂ ရာခိုင်နှုန်း ခန့်သည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ကာ ပဲလွမ်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့်အခြားပဲများ စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့သည့်ပဲများတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲလွမ်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ပဲကြီး၊ ပဲကတ္တီပါ (စွန်တာနီ၊ စွန်တာ ဖြူ)၊ ပဲဖြူလေး၊ ဗိုလ်ကိတ်ပဲ၊ ပဲပုပ်စေ့၊ ပဲနီ ကျား၊ နိုင်လွန်ပဲ၊ မြေပဲဆန်နှင့် အခြားပဲ များပါဝင်ကြောင်း သိရသည်။

ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက် မှ ၅ ရက်အထိကာလအတွင်း ပင်လယ် ရေကြောင်းမှ ၆၆၉၉၈ ဒသမ ၉၅၆ တန်နှင့် နယ်စပ်မှ ၁၂၁၂ ဒသမ ၁၇ တန် စုစုပေါင်း ၆၈၂၁၁ ဒသမ ၁၂၆ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈၆ သန်းရရှိခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/54910

## တောင်ကိုရီးယား၌ ရွှေအရောင်းအဝယ်ဖြစ်မှုပမာဏ သိသိသာသာမြင့်တက်



အရှေ့အလယ်ပိုင်းဒေသ၌ မတည်ငြိမ်မှုများနှင့် တင်းမာမှုများဖြစ်ပွား နေသော်လည်း တောင်ကိုရီးယားနိုင်ငံအတွင်း ရွှေအရောင်းအဝယ်ဖြစ်မှု ပမာဏ သိသိသာသာ မြင့်တက်လာကြောင်း သိရသည်။

ယခုသီတင်းပတ်အကုန်အထိ တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ်အရောင်း အဝယ်ဖြစ်သော ပမာဏမှာ ဝမ် ၁၆ ဒသမ ၉ ဘီလီယံ အထိရှိသည်။

မတ်လအတွင်း နေ့စဉ်အရောင်းအဝယ်ဖြစ်သည့်ပမာဏမှာ ဝမ် ၆ ဒသမ ၈၆ ဘီလီယံသာရှိသောကြောင့် ယခုလအတွင်း ရွှေအရောင်းအဝယ် သိသိသာသာ မြင့်တက်လာခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ၁ ကီလိုဂရမ်ရှိ ရွှေချောင်းတစ်ချောင်း၏ တန်ဖိုးမှာ ၁၀ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာပြီး ၁၀၀ ဂရမ်ရှိ ရွှေတုံး၏တန်ဖိုးမှာ ၁၃ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရသည်။

အရှေ့အလယ်ပိုင်းဒေသ၌ မတည်ငြိမ်မှုအခြေအနေသည် အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်မြင့်တက် နေမည် ဖြစ်သောကြောင့် ထိုအခြေအနေသည် ကမ္ဘာ့ရေနံဈေးနှုန်းအတက်အကျကို ကြီးကြီးမားမားဖြစ်စေနိုင်သည့်အတွက် ရင်းနှီး မြှုပ်နှံသူများက သေချာမှုရှိသည့်ရွှေဘက်ကို ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်လာခြင်းဖြစ်ကြောင်း ဈေးကွက်သုတေသီ တစ်ဦးက ပြောထားသည်။

**Source:** https://www.myawady.net.mm/node/54921

## မြန်မာ့သရက်သီးများ တရုတ်ပြည်သို့တင်ပို့နိုင်ရေးဆွေးနွေး

မြန်မာ့သရက်သီးများ တရုတ်ပြည်သို့တင်ပို့နိုင်ရေးအတွက် ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက မန္တလေးမြို့မှာ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ဧပြီလ ၁၁ ရက်နေ့က မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးတွင် အသင်း တာဝန်ရှိသူများ၊ သရက်သီးစိုက်တောင်သူများနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း တာဝန်ခံအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း ခွာညိုသစ်သီးပွဲရုံက ထုတ်ပြန်ထားပါတယ်။




အဆိုပါတွေ့ဆုံမှုတွင် ဖြစ်နိုင်သောလမ်းကြောင်းများမှတစ်ဆင့် မြန်ဆန်စွာ တင်ပို့နိုင်ရေး တရုတ်ဖက်စစ်ဆေးမှု မြန်ဆန်သက်သာရေးနှင့်ဖြစ်နိုင်သော ကုန်ထုတ် လမ်းကြောင်းများ ရှာဖွေတင်ပို့နိုင်ရေးကိစ္စများ ဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။

အထူးသဖြင့် ကျိုင်းတုံ-မိုင်းလား-တာလေ့မှ တင်ပို့ရာတွင်ရင်ဆိုင်ရမည့် လမ်းကြောင်းအခွန်အခများနှင့်ကြာမြင့်မှုအခြေအနေများကြောင့် ကုန်သွယ်မှု အတားအဆီး (Trade barrier)များအတွက် ညှိနှိုင်းပေါင်းစပ်အဖြေရှာခဲ့ကြတယ်လို့ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံကထွက်ရှိတဲ့ စိန်တစ်လုံးသရက်အပါအဝင် သရက်သီးများကို အိမ်နီးချင်းတရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေကနေတစ်ဆင့် နှစ်စဉ်တင်ပို့နေခြင်းဖြစ်ပါတယ်။

Opinion Leaders မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## မြန်မာ့စိန်တလုံးသရက်သီး ပေါ်ဦးပေါ်ဖျား ဈေးကောင်းရရှိ



မြန်မာ့စိန်တလုံးသရက်သီး ပေါ်ဦးပေါ်ဖျား ဈေးကောင်းရရှိနေပြီး ၁၆ ကီလို တစ်ခြင်းလျှင် ငွေကျပ် ၅ သောင်းအထိ ဈေးကောင်းရရှိနေကြောင်း သာလာအေး ကျေးရွာ သရက်ခြံမှ ကိုရဲကပြောသည်။

"သင်္ကြန်မတိုင်မီကတည်းက အသီးတွေက စပေါ်နေပါပြီ။ အခု ရန်ကုန်ကိုစပြီး တင်ပို့နေတာ ၁၆ ကီလိုတစ်ခြင်းလျှင် အလုံး ၄၀-၅၀ ခန့်ပါရှိပြီး တစ်ခြင်းလျှင် ငွေကျပ် ၄၅,၀၀၀-၅၀,၀၀၀နဲ့ ပို့နေပါတယ်။ ခေါင်သီးအနည်းငယ်သာ ထွက်ရှိလို့ ဒီနှစ်က ဈေးကောင်းပိုရပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာ့စိန်တလုံးသရက်ခြံအများစုမှာ သင်္ကြန်ကာလနောက်ပိုင်း မေလဆန်း ပိုင်းမှ အများစုရင့်မှည့်မှုရှိပြီး လှိုင်လှိုင်ပေါ်လေ့ရှိသည်။ အချို့ဒေသများတွင်သာ အနည်းငယ်စောပေါ်လေ့ရှိပြီး ဈေးကောင်းရလေ့ရှိကာ မေလဆန်းပိုင်းခန့်တွင် ဒေသစုံမှ အသီးထွက်ရှိလာတာကြောင့် ဈေးပြန်လည်ကျဆင်းလေ့ရှိသည်။

မြန်မာ့စိန်တလုံးသရက်သီးမှာ ကျောက်ဆည်ဒေသ၊ စဉ့်ကိုင်ဒေသ၊ စစ်ကိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေး၊ မတ္တရာဒေသ များတွင် အများဆုံးထွက်ရှိသည်။

စိန်တလုံးသရက်သီးကို ယခင်နှစ်များက နယ်စပ်ဒေသမှတစ်ဆင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့မှုရှိပြီး ပင်လယ် ရေကြောင်းမှ စင်ကာပူနိုင်ငံသို့လည်းတင်ပို့နိုင်ခဲ့ပြီး ဈေးကောင်းရရှိသည့် ပို့ကုန်အမယ်တစ်မျိုးဖြစ်သည်။

လက်ရှိအချိန်တွင် နယ်စပ်ဂိတ်များမှ တင်ပို့နိုင်မှုအခြေအနေကို စောင့်ကြည့်နေဆဲဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်မည့်အခြေအနေမှာလည်း သရက်သီးထွက်ရှိသည့်ကာလနှင့် သင်္ဘောတင်လမ်းကြောင်းအခြေအနေပေါ်မူတည်ပြီး တင်ပို့ရသဖြင့် ပမာဏများများတင်ပို့နိုင်မည့်အခြေအနေမရှိဘဲ ပြည်တွင်း ဈေးကွက်ကိုသာ အားထားရမည့် အခြေအနေ ဖြစ်ကြောင်း သိရသည်။

**Source:** မကွေးဂျာနယ်

## တရုတ်၊ ထိုင်းနယ်စပ်ဂိတ်များမှ ကုန်သွယ်မှုမပြုလုပ်နိုင်ခြင်းကြောင့် ပြောင်းဈေးကွက်ကျဆင်းနေ

တရုတ်နယ်စပ်၊ ထိုင်းနယ်စပ်ဂိတ်များမှာ ကုန်သွယ်မှုမပြုလုပ်နိုင်ခြင်းကြောင့် ပြည်တွင်းပြောင်းဈေးကွက်ကျဆင်းနေ ကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

"ပြောင်းဈေးက တဖြည်းဖြည်းကျဆင်းလာပါတယ်။ ရေရှည်မှာ ဆက်လက်ပြီး ဈေးကျဆင်းလိမ့်ဦးမယ်။ လက်ရှိ



တရုတ်တင်ပို့မှုလည်း မရှိသလို ထိုင်းနိုင်ငံသို့လည်း တင်ပို့နိုင်မှုအခြေအနေက ကြာမြင့်နိုင်တယ်။ ပင်လယ်ရေကြောင်းကလည်း တင်ပို့မှုလျော့နည်းလို့ လက်ရှိမှာ ပြောင်းဈေးကွက်ကျဆင်းနေပါတယ်"ဟု ပြောင်းကုန်သည်တစ်ဦးက ပြောသည်။

တရုတ်နယ်စပ်ဂိတ်မှာလည်း တာလေ့ဂိတ်တစ်ဂိတ်သာ တင်ပို့နိုင်ပြီး ကျန်နယ်စပ်ဂိတ်များမှာ တင်ပို့နိုင်ခြင်းမရှိတော့တာကြောင့် ပို့ကုန်အများစု ဈေးကျဆင်းနေခြင်းဖြစ်သည်။

လက်ရှိရန်ကုန်ပြောင်းဈေးကွက်မှာ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၀၄၀-၁၀၆၀ ကြား ပေါက်ဈေးရှိနေပြီး မန္တလေးနှင့် နယ်ပြောင်းဈေးကွက်မှာ ယင်းဈေးအောက် ကျဆင်းနေခြင်းဖြစ်သည်။

ပြည်တွင်းတောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်၊ သွင်းအားစု၊ လုပ်အားခ၊ စက်သုံးဆီဈေးများ မြင့်တက်နေတာကြောင့် စိုက်ပျိုးစရိတ်မြင့်မားနေပြီး ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ အထက်ရရှိမှသာ စိုက်ပျိုးစရိတ်ကြေရုံသာရှိပြီး ယင်းပေါက်ဈေးထက်လျော့ကျပါက တောင်သူများဆုံးရှုံးနိုင်ကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## မြန်မာ့စိန်တလုံးသရက်သီး တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန် နှစ်နိုင်ငံကုန်သည်များ ညှိနှိုင်းလျက်ရှိ

မြန်မာ့စိန်တလုံးသရက်သီး တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန် နှစ်နိုင်ငံကုန်သည်များညှိနှိုင်းလျက်ရှိကြောင်း အသီးပို့ကုန်လုပ်ငန်းရှင်များထံက သိရသည်။

"လက်ရှိမှာ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်နေတာက တာလေ့တစ်ဂိတ်ပဲရှိပါတယ်။ လက်ရှိမှာ သယ်ယူတင်ပို့စရိတ်က ခြောက်ဘီးတစ်စီးလျှင် ကားခသိန်း ၆၀-၇၀ ပေါက်ဈေးရှိနေတော့ သရက်သီးတင်ပို့စရိတ်ကကြီးမှာပါ။ တစ်ဖက်မှာလည်း ယွမ်ငွေဈေးက ကောင်းနေတော့ ဈေးကောင်းရနိုင်ပါတယ်။ အဓိကတော့ တင်ပို့နိုင်တဲ့ လမ်းကြောင်းရှိရင် ကုန်သွယ်မှုဖြစ်လာမှာပါ။ မနှစ်က တင်ပို့ခွင့်ရှိခဲ့ပေမယ့် ဈေးကောင်းမရရှိခဲ့ပါဘူး။ ပို့ကုန်အဖြစ် တင်ပို့မယ်ဆိုရင်တော့ အသီးအရည်အသွေးကောင်းမှ ဈေးကောင်း ရနိုင်ပါမယ်ဟု ခွာညို သစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က ပြောသည်။

တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန် မြန်မာကုန်သည်များနှင့် တရုတ်ကုန်သည်များ ညှိနှိုင်းလျက်ရှိသည်။ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် မူဆယ်လမ်းကြောင်းမှာ တရားဝင်တင်ပို့နိုင်မည့် မြေပြင်အခြေအနေများမရှိတာကြောင့် တရားဝင်တင်ပို့ရန် မဖြစ်နိုင်သေးကြောင်းနှင့် လက်ရှိမှာ တာလေ့ ဂိတ်တစ်ခုတည်းသာ တင်ပို့နေခြင်းဖြစ်သည်။

စိန်တလုံးသရက်သီးမှာ စင်တင်ကာလ ၅-၇ ရက်သာရှိတာကြောင့် ပို့ကုန်လမ်းကြောင်းမှာ ရက်ကြာမြင့်လျှင် အသီးအမှည့်လွန်ပြီး ဆုံးရှုံးမှုရှိနိုင်ကြောင်း လက်ရှိပို့ကုန်လမ်းကြောင်းမှာ ၁၀ ရက်ခန့်ကြာမြင့်တာကြောင့် သရက်သီးတင်ပို့ရန်မဖြစ်နိုင်တာကြောင့် ပြည်တွင်းဈေးကွက်ကိုသာ ဦးတည်နေရကြောင်း အခြားတစ်ဖက်မှာလည်း ပြည်ပဈေးကွက်သေချာမှုမရှိတာကြောင့် သရက်ခြံများ ပြုစုစောင့်ရှောက်မှု အိတ်စွပ်မှုများ၊ လုပ်သားခများလျှော့ချထားကြောင်း မြန်မာနိုင်ငံ သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဦးကျော်စိုးနိုင်ကပြောသည်။

**Source: မကွေးဂျာနယ်**

# STOCK EXCHANGE (22.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 22nd Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,282 (Shares) | 10,447,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,700 | 318 | 2,793,400 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 487 | 1,412,300 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 2,224 | 3,236,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 6 | 16,500 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,700 | 105 | 178,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,500 | 180 | 819,800 | 10,497,598 | 49,339 |
| MAEX | 00008 | 2,050 | +50 | +2.50% | 2,100 | 2,100 | 2,050 | 962 | 1,990,850 | 23,804,946 | 48,800 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 22nd Apr. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.76 | +1.50 | +0.41% | 370.61 | 370.76 | 367.67 | 4,282 | 10,447,350 | 8 | 699,329 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Apr. 2024

| Trading Volume | Trading Value |
|---|---|
| 4,282 (Shares) | 10,447,350 (MMK) |

### Main Board

As of 1:00 pm, 22nd Apr. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,282 (Shares) | 10,447,350 (MMK) |

| MYANPIX | 370.76 ▲ 1.50 |
|---|---|
| Total Volume (shares) | 4,282 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 699,329 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,050 | ▲ 50 |